## စာဖတ်ခြင်းကို မွေးကင်းစအရွယ်မှ စတင်ပါမည်။

ဦးနှောက်နှင့်သိပ္ပံဆိုင်ရာ သုတေသနများအရ လူသားတို့၏ဦးနှောက်တွင် စာဖတ်ခြင်းဆိုင်ရာ ဗဟိုအစိတ်အပိုင်းမပါရှိခြင်းကြောင့် မိမိကိုယ်တိုင်စာဖတ်ခြင်းအလေ့အကျင့်ကို မရရှိနိုင်ပါ၊ လူကြီးများ၏ အဖော်ပြုခြင်းဖြင့်သာ စာဖတ်ခြင်းကိုတဖြည်းဖြည်းချင်း သင်ယူသွားရပါမည်။ ထိုမှတဆင့်စာဖတ်ခြင်းဖြင့် အခြားပညာရပ်များကို ဆက်လက်သင်ကြားနိုင်ပါမည်။ အုပ်ထိန်းသူမိဘများမှ ကလေးငယ်များအား စာဖတ်ခြင်းအလေ့အကျင့်ကို စောစီးစွာပျိုးထောင်ပေးခြင်းဖြင့် ကလေးငယ်များ၏ ဦးနှောက်ဖွံ့ဖြိုးတိုးတက်မှုကို ကူညီထောက်ပံ့ပေးနိုင်ပါသည်။

စာဖတ်ရန်အဖော်ပြုပေးခြင်းဖြင့် မိဘနှင့်သားသမီးကြားဆက်ဆံရေးကိုလည်း ပိုမိုကောင်းမွန်စေပါသည်။ ချစ်ခင်လေးစားရပါသောမိဘများရှင် မိမိတို့လက်ထဲရှိမိုဘိုင်းဖုန်းများကိုချပြီး ရုပ်ပြစာအုပ်တစ်အုပ်ကိုယူ၍ လူကြီးမင်းတို့၏ချစ်လှစွာသောသားသမီးများနှင့် အတူ ပျော်ပျော်ရွှင်ရွှင် စာဖတ်ကြပါ။

### မိမိတို့နေအိမ်တွင် စာဖတ်ရန်အတွက် သီးသန့်နေရာလေး ပြင်ဆင်ရန်လမ်းညွှန်ခြင်း

၁။ကလေးများနှင့် အမြဲအတူရှိတတ်သောနေရာတစ်ခုကို ရှာပါ။ ဥပမာ ဧည့်ခန်းထောင့်တစ်နေရာ။



၅။ရုပ်ပြစာအုပ်၏မျက်နှာဖုံးကို စာအုပ်စင်ပေါ်၌ မြင်သာအောင်ထားခြင်းဖြင့် ကလေးငယ်များရွေးချယ်ရန်အတွက် ဆွဲဆောင်နိုင်ပါသည်။

၄။ရုပ်ပြစာအုပ်များအပြင် အသံထွက်စာအုပ်များ၊ သီချင်းများလည်း ဖွင့်ပြပေးနိုင်ပါသည်။


၂။ကလေးများထိုင်ရန်အတွက် နူးညံ့သောအခင်း၊ ကော်ဇော သို့မဟုတ် ကုလားထိုင်လေးများချထားပေးပါ။။



၆။ရုပ်ပြစာအုပ်ရွေးချယ်ရာတွင် အန္တရယ်ကင်းသော၊ ချုပ်ရိုးချုပ်သား ခိုင်ခံ့သောစာအုပ်များနှင့် မှန်ကန်သောအတွေးအခေါ်များ ပို့ချပေးနိုင်သော၊ ရွေးရိုးစွဲအမြင်များမရှိသောစာအုပ်များကိုရွေးချယ်ပါ။



၃။ အရွယ်ရောက်လာသော ကလေးများ လွတ်လပ်စွာဆေးရောင်ခြယ်နိုင်ရန်အတွက် စားပွဲ၊ ကုလားထိုင်၊ စားပွဲတင်မီးအိမ်၊ စက္ကူ သို့မဟုတ် ဘောပင်စသည်တို့ပြင်ဆင်ပေးပါ။



ပညာရေးဝန်ကြီးဌာန၏ ကလေးသူငယ်များစာဖတ်ရန်တိုက်တွန်းခြင်းအစီအစဉ်ဝက်ဆိုက်၌ အမြို့မြို့အနယ်နယ်များတွင် စာဖတ်လက်ဆောင်များရယူရန် နည်းလမ်းများနှင့် ကလေးငယ်များအတွက် စာဖတ်ရန်သီးသန့်နေရာရှိသော စာကြည့်တိုက်များ၏လိပ်စာ၊ စာအုပ်ကောင်းများ၊ ကျွမ်းကျင်ပညာရှင်များ စသည့်အချက်အလက်များ ပါဝင်သည့် သတင်းများကို မိဘနှင့် ကလေးငယ်များစာအတူဖတ်နိုင်ရန်အတွက် ပြည်စုံစွာဖော်ပြထားပေးပါသည်။။



## ၍အစီအစဉ်နှင့်ပတ်သတ်၍

### အဓိကအတွေးအခေါ်သုံးရပ်မှာ

- ဉာဏ်အလင်းပွင့်လင်းစေရန်အတွက် ငယ်စဉ်ခါမှစ၍စာဖတ်ရန်
- ကလေးငယ်တိုင်းတန်းတူညီမျှစွာ စာဖတ်ခြင်းကို ခံစားခွင့်ရရှိစေရန်
- မိသားစုတိုင်း စာဖတ်ခြင်းဖြင့် အနှစ်သာရရှိသော နေ့စဉ်ဘဝများ ရရှိစေရန်

### သင့်တော်သည့်အသက်အရွယ်မှာ

အသက်၅နှစ်အောက် ကလေးသူငယ်များနှင့်မိဘများ



### လုပ်ဆောင်မည့်အကြောင်းအရာများမှာ



- ၁။ပညာရေးဝန်ကြီးဌာနမှ အမြို့မြို့အနယ်နယ်ရှိ ပြည်သူ့စာကြည့်တိုက်များ၌ ကလေးငယ်များစာဖတ်ရန်တိုက်တွန်းခြင်းအစီအစဉ်များအားကျင်းပပေးခြင်း၊စာဖတ်ရန်လက်ဆောင်အိတ်လေးများပေးပို့ခြင်း၊ ပြည်သူ့စာကြည့်တိုက်များ၌ ကလေးသူငယ်ဖတ်ဖွယ်ရာစာအုပ်များဖြည့်စည်းပေးခြင်းနှင့် ကလေးငယ်များစာဖတ်ရန်အတွက် သီးသန့်နေရာလေးများ ဖန်တီးပေးခြင်းတို့အတွက် ထောက်ပံ့ပေးခြင်း။
- ၂။ထိုင်ဝမ်အမျိုးသားစာကြည့်တိုက်မှ စိစစ်ရွေးချယ်ရေးကော်မတီကိုဖွဲ့စည်းပြီး ကလေးသူငယ်များဖတ်ရှုရန် သင့်တော်သော စာအုပ်စာပေများကို နှစ်စဉ်ရွေးခြယ်ပေးခြင်း။





- ၃။အမျိုးသားစာကြည့်တိုက်မှ နိုင်ငံအဝန်းအရှိ ပြည်သူ့စာကြည့်တိုက်များတွင် ကလေးငယ်များစာဖတ်ဖို့ လမ်းညွှန်ဝန်ထမ်းများ ပြုစုပျိုးထောင်ပေးခြင်း။
- ၄။ပညာရေးဝန်ကြီးဌာနနှင့် အမျိုးသားစာကြည့်တိုက်တို့မှ တစ်နိုင်ငံလုံးရှိ ပြည်သူ့စာကြည့်တိုက်များနှင့်ချိတ်ဆက်ပြီး အခြားသောအစိုးရဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်လက်တွဲကာ ကလေးသူငယ်များ စာဖတ်ရန်အတွက် အတူတကွတိုက်တွန်းနှိုးဆော်ပေးခြင်း။

# ပညာရေးဝန်ကြီးဌာနမှ ကလေးသူငယ်များ စာဖတ်ရန်တိုက်တွန်းလှုံ့ဆော်ပေးခြင်းအစီအစဉ်

## အသက်၅နှစ်အောက် ကလေးသူငယ်များနှင့်မိဘများ အတူတကွစာဖတ်ခြင်း။



指導單位：教育部 MINISTRY OF EDUCATION
承辦單位：國立臺灣圖書館 National Taiwan Library

## ဖွံ့ဖြိုးတိုးတက်မှုလက္ခဏာများ

### အသက်၀မှ၆လ

- အိပ်စက်ချိန်ကြာသည်။
- အမြင်မှုန်ဝါးမည် သို့သော် တစ်စုံတစ်ရာကို လိုက်ကြည့်နိုင်သည်။
- မျက်နှာအားစိုက်ကြည့်ရခြင်းကို သဘောကျသည်။
- အကြားအာရုံနှင့် အထိအတွေ့အာရုံ အားသန်သည်။

### အသက်၆လမှ၁၂လ။

- တည်ငြိမ်စွာထိုင်နိုင်ပြီး လေးဖက်ထောက်သွားနိုင်လာသည်။
- ပစ္စည်းများအား ဆုပ်ကိုင်ခြင်းကို သဘောကျသည်၊ ဥပမာ စာအုပ်ကိုင်ခြင်းနှင့် စာအုပ်လှန်ခြင်း။
- ပစ္စည်းတစ်ခုကိုရသည်နှင့် ပါးစပ်ထဲသို့ထိုးသွင်းတတ်သည်။
- စာအုပ်ထဲရှိရုပ်ပုံများကို သတိထားမိလာပြီး လက်ဖြင့်ပုတ်ပြတတ်သည်။
- မတူညီသောအသံများကို ခွဲခြားတတ်လာသည်။



### အသက် ၁ နှစ်မှ ၂ နှစ်

- စကားစပြောတတ်လာသည်။
- မတ်တပ်ရပ်တတ်ပြီး လမ်းလျှောက်တတ်လာသည်။
- အာရုံစိုက်နိုင်ချိန်တိုပြီး အလွယ်တကူ အာရုံပျံ့လွင့်နိုင်သည်။
- မိမိဘာသာစာအုပ်ကိုင်နိုင်ပြီး အရှေ့အနောက်စာရွက်လှန်နိုင်သည်။

### အသက် ၂ နှစ် မှ ၃ နှစ်

- အသုံးပြုနိုင်သောစကားလုံးများ၊ ဝါကျများတိုးလာသည်။
- ဒီဟာက ဘာလဲ၊ ဟိုဟာက ဘာလဲ ကဲ့သို့သောမေးခွန်းများမေးတတ်လာသည်။
- ရိုးရှင်းသောအကြိုးနှင့် အကြောင်းသဘောကိုနားလည်လာမည်။
- စာအုပ်တစ်အုပ်ကို အပြန်ပြန်အလှန်လှန်ဖတ်တတ်သည်။

### အသက် ၃ နှစ် မှ ၅နှစ်

- အတုယူနိုင်စွမ်းအားကောင်းသည်။
- အတွေးအခေါ်ထက်သန်သည်။
- လွယ်ကူသောအကြိုးအကြောင်း ဆက်စပ်ခြင်းကိုနားလည်နိုင်စွမ်းရှိသည်။
- စကားကိုချောမွေ့စွာပြောဆိုလာနိုင်သည်။



## သင့်လျော်သောဖတ်ရှုဖွယ်ရာများ

### အသက်၀မှ၆လ

- အရောင်တောက်ပသော၊ ရုပ်ပုံကြီးပြီးပုံသဏ္ဍာန် ရိုးရှင်းသော၊ ထူခြားသောပုံစံရှိသောကစားစရာ၊ စာအုပ်များ။
- ဆုပ်ကိုင်ခြင်း၊ ဆုပ်နယ်ခြင်းအားဖြင့် မတူသောထိတွေ့ခံစားချက်များကို ပေးသောပိတ်စဖြင့်ပြုလုပ်ထားသောစာအုပ်များ။

### အသက်၆လမှ၁၂လ။

- ပိတ်စဖြင့်ပြုလုပ်ထားသောစာအုပ်၊ ရေချိုးရင်း ဖတ်နိုင်သောစာအုပ်အစရှိသည့် ကုန်ကြမ်းအမျိုးစုံဖြင့်ပြုလုပ်ထားသည့် စာအုပ်များ။
- စကားလုံး၊ ရုပ်ပုံ လွယ်ကူရိုးရှင်းသောရုပ်ပြစာအုပ်များ။
- ချုပ်ရိုးခိုင်မာပြီး လှန်လှောရန်လွယ်ကူသော ကတ်ထူစာအုပ်များ။
- ကိုင်တွယ်ဆော့ကစားနိုင်သော ကစားစရာစာအုပ်များ။



### အသက် ၁ နှစ်မှ ၂ နှစ်

- ကလေးများ၏ နေ့စဉ်ဘဝအတွေ့အကြုံနှင့်သက်ဆိုင်သည့် စာအုပ်များ၊ ဥပမာ အစားအစာ၊ ကစားစရာ
- အရောင်တောက်ပသော၊ ပုံကြီးသော၊ စာနည်းသောပုံပြင်စာအုပ်များ။
- ကိုင်တွယ်ဆော့ကစားနိုင်သောကစားစရာစာအုပ်များ။

### အသက် ၂ နှစ် မှ ၃ နှစ်

- ဇာတ်ကြောင်းရိုးရှင်းသော၊ ဝါကျပုံစံ ထပ်ခါထပ်ခါလာသော ရုပ်ပြပုံပြင်စာအုပ်များ။
- နေ့စဉ်လုပ်ဆောင်မှုနှင့် သက်ဆိုင်သည့်စာအုပ်များ၊ ဥပမာ ထမင်းစားခြင်း၊ သွားတိုက်ခြင်း၊ အိမ်သာတက်ခြင်း၊ အိပ်စက်ခြင်း။



### အသက် ၃ နှစ် မှ ၅နှစ်

- ပျော်ရွှင်စရာ ဟာသစာအုပ်များ
- စိတ်ခံစားမှုများအကြောင်း ဆွေးနွေးသည့်စာအုပ်များ
- အတွေ့အကြုံတိုးပွားစေသည့် နေ့စဉ်ဘဝနှင့်ပက်သတ်သောပုံပြင်များ
- မိဘနှင့် သားသမီးအကြောင်း၊ သူငယ်ချင်းများအကြောင်းနှင့် ပတ်သတ်သောစာအုပ်များ
- ဗဟုသုတဖွံ့ဖြိုးတိုးတက်စေသောစာအုပ်များ

## မိဘနှင့်သားသမီးများ အတူစာဖတ်ရန်နည်းလမ်းများ

### အသက်၀မှ၆လ

- ကလေးများထိန်းကြောင်းရာတွင် ကလေးသီချင်းများကို ရွတ်ဆိုပြခြင်းဖြင့် ကလေးငယ်၏ အကြားအာရုံကိုနှိုးဆော်ပေးနိုင်သည်။
- ကလေးများအား မကြာခဏပွေ့ဖက်ပြီး အပြန်အလှန် စကားပြောပေးပါ။
- ကလေးငယ်၏ပတ်ဝန်းကျင်တွင် အရောင်တောက်ပသောအရုပ်များ သို့မဟုတ် ရုပ်ပုံများထားးပေးပါ။



### အသက်၆လမှ၁၂လ။

- အသံပြောင်းလဲနိုင်သော သို့မဟုတ် အသံထွက်နိုင်သောအရုပ်များကို ကလေးများနှင့် အတူတူဆော့ကစားပေးပါ။
- ကလေးများအား လွတ်လပ်စွာစာပေဖတ်ရှုစေပြီး လွယ်ကူစွာ လက်ချောင်းလေးများလှုပ်ရှားခြင်းဖြင့် စာရွက်လှန်တတ်စေရန်လမ်းညွှန်ပေးပါ။
- ကလေးများနှင့် အတူစာဖတ်ရာတွင် ရုပ်ပုံများကိုညွှန်ပြပြီး အဲ့တာဟာ ဘာလဲဆိုတာကို ပြောပြပေးပါ။

### အသက် ၁ နှစ်မှ ၂ နှစ်

- ကလေးများအားရေးချိုးပေးချိန်တွင် ခန္ဓာကိုယ်အစိတ်အပိုင်းများ သို့မဟုတ် မျက်နှာအစိတ်အပိုင်းများနှင့် သတ်ဆိုင်သော ကလေးသီချင်းများကို လွယ်ကူသောအမူအရာဖြင့် အတူဆိုပြပါ။
- ပုံပြင်ဖတ်ပြရာတွင် ကလေးများအား စာရွက်လှန်ခွင့်ပေးပါ သို့မဟုတ် ကစားနည်းဖြင့် ပုံပြင်ပြောပြီး ဇာတ်ကြောင်းပြောင်းလဲမှုနှင့်အတူ အသံ၊ မျက်နှာနှင့် ကိုယ်အမူအရာများပြောင်းလဲပါ။

### အသက် ၂ နှစ် မှ ၃ နှစ်

- ပုံပြင်ပြောပြသည့်အခါ ဖြည်းဖြည်းချင်းပြောရန်လိုအပ်ပြီး၊စာကြောင်း၏အရှည်သည် ကလေးငယ်များ တုပမှတ်ယူဖို့ လွယ်၏မလွယ်၏ကို သတိထားရမည်။

### အသက် ၃ နှစ် မှ ၅နှစ်

- ကလေးငယ်များကို စကားလုံးနှင့် အသံထွက်၏ဆက်သွယ်ချက်ကိုသိရှိနိုင်ရန် လမ်းညွှန်ပေးရမည်။
- ကလေးငယ်များနှင့်ပုံပြင်ပါအကြောင်းအရာများအားဆွေးနွေးရာတွင်မိဘများအနေဖြင့်  ကလေးငယ်များ၏ အသိအမြင် အတွေးအခေါ်တိုးပွားစေရန်အတွက် မိမိတို့၏အတွေ့အကြုံနှင့် ထင်မြင်ချက်ကို မျှဝေနိုင်သည်။
- မိသားစုဝင်များကို ပုံပြင်ပြောပြရန် ကလေးငယ်များအားတိုက်တွန်းအားပေးပါ။